၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်မှ (၃၁)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၃	
၂	မွန်	၃	
၃	တနင်္သာရီ	၅	
၄	ပဲခူး	၇	
၅	မကွေး	၂	
၆	ရှမ်း	၁၂	
၇	ရန်ကုန်	၁	
၈	ရခိုင်	၂၂	
၉	မန္တလေး	၅	
၁၀	ဧရာဝတီ	၃	
၁၁	ကရင်	၃	
၁၂	ချင်း	၁	
	စုစုပေါင်း	**၇၇**	

ဒီဇင်ဘာ (၂၂)ရက်မှ (၃၁)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်မှ ပြည်သူ (၇)ဦးကို စစ်အာဏာရှင်တပ်သားများက မီးရှို့ သတ်ဖြတ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ထောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ထောင်တို့မှ ဖမ်းဆီးညှင်းပန်းနှိပ်စက်ခံရသော နိုင်ငံရေးအကျဉ်းသား (၂)ဦးသည် လိုလောက်သော ဆေးကုသခွင့် မရရှိခဲ့သောကြောင့် သေဆုံးခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်မှ (၃၁)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နည်းလမ်းများ	အကြိမ်အရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၉
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၁၄
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၃၃
၄	အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း	၆
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၁၆
၆	ဖမ်းဆီးခံရခြင်း	၄
၇	ငွေကြေးတောင်းခံခြင်း	၁
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြေငြာခြင်း	၃
၉	အသက်မပြည့်သော ကလေးများ သေဆုံးခြင်း	၆
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများထိခိုက်ပျက်/ဆုံးရှုံးခြင်း	၁၄
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဆုံးရှုံးခြင်း	၁၄
၁၂	လေကြောင်းအသုံးပြုခြင်း	၁၉
၁၃	မြေမြှုပ်မိုင်း	၁
၁၄	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၁
၁၅	နေရပ်ဒေသ စွန့်ခွာရခြင်း	၅
၁၆	ပြည်သူများကို မီးရှို့သတ်ခြင်း	၁
၁၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၁
၁၈	ဖုန်းလိုင်း ဖြတ်တောက်ခြင်း	၂
၁၉	ဆေးကုသခွင့်ရရှိရန် ပိတ်ပင်ခြင်း	၂
၂၀	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၁

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၅၀)ဦးကျော် သေဆုံးခဲ့ပြီး (၅၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သူ (၁၀)ဦးကျော် ဒဏ်ရာရရှိခဲ့ပြီး (၁၀)ဦးကျော် သေဆုံးခဲ့ရသည်။ စစ်အာဏာရှင်တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၁)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းမှ တံတားတစ်စင်းနှင့် လမ်းတစ်ခုကို စစ်အာဏာရှင်တပ်သားများက ဖျက်ဆီးခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram